【ミャンマー語】

# ဂျပန်နိုင်ငံတွင် နေထိုင်သောနိုင်ငံခြားသားများ

## ဂျပန်နိုင်ငံ၏ ပြည်သူ့ပင်စင်စနစ်

အမျိုးသားပင်စင်စနစ် (NP) နှင့် အလုပ်သမားပင်စင်အာမခံစနစ် (EPI)ပါဝင်သော ပြည်သူ့ပင်စင်စနစ်သည် အသက်ကြီးပိုင်းအတွက်သာမက မသန်စွမ်းနှင့် သေဆုံးမှုကဲ့သို့ ကြိုတင်မမြင်နိုင်သောကိစ္စရပ်များအတွက်လည်း သင့်အား အာမခံအကျိုးခံစားခွင့်များကို ပေးသည်။ အကျိုးခံစားခွင့်မှာ သင်လစဉ်အာမခံကြေးပေးဆောင်သည့် အခြေအနေပေါ်မူတည်၍ ပေးခြင်းဖြစ်သည်။

နိုင်ငံသားမရွေး အသက် ၂၀ မှ ၅၉ နှစ်အတွင်းရှိ (EPI အတွက် အသက် ၇၀ နှစ်အထိ) ဂျပန်နိုင်ငံတွင် နေထိုင်သူအားလုံးသည် NP သို့မဟုတ် EPI တွင် စာရင်းသွင်းရမည်။*

* သင်၏ လုပ်ငန်းခွင်နေရာသည် EPI တွင်ပါဝင်ပါက သင့်အနေဖြင့် EPI တွင် စာရင်းသွင်းရန်လိုအပ်သည်။

* သင်သည် ဂျပန်နှင့် လူမှုလုံခြုံရေးသဘောတူညီချက်ရှိသည့်နိုင်ငံမှ ဂျပန်တွင်အလုပ်လုပ်ရန် ယာယီ (၅ နှစ်မကျော်ပါ) ပို့ခံရပါက သင့်အနေဖြင့် ဂျပန်ပြည်သူ့ပင်စင်စနစ်တွင် မဖြစ်မနေပါဝင်ရသောအခြေအနေမှ ကင်းလွတ်နိုင်သည်။

## အမျိုးသားပင်စင်စနစ်၏ အဓိကအချက်များ

သင်သည် EPI တွင် မပါဝင်ပါက သင်နေထိုင်သောမြို့နယ်၏အုပ်ချုပ်ရေးရုံးရှိ NP တွင် သင်ကိုယ်တိုင်စာရင်းသွင်းရန် လိုအပ်သည်။

**NP သည် အောက်ပါအခြေအနေများတွင် အကျိုးခံစားခွင့်ရရှိမည်-**

- **သင်အသက်ကြီးလာသောအခါ**
- **ဖျားနာမှု သို့မဟုတ် ထိခိုက်မှုကြောင့် သင်သည် ဆိုးဆိုးဝါးဝါးမသန်စွမ်းပါက**
- **မိသားစု၏ ဝင်ငွေရှာသူသေဆုံးသောအခါ**

ဇနီးနှင့် ကလေးများအပါအဝင် မှီခိုကျန်ရစ်သူများအား ကျန်ရစ်သူပင်စင်ကို ပေးပါက သင့်အား သက်ပြည့်ပင်စင်နှင့် မသန်စွမ်းပင်စင်ကို ပေးပါမည်။ အကျိုးခံစားခွင့်များကို ရရှိရန် သင့်အနေဖြင့် သက်ဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီရမည်။

သင်သည် အခြားနိုင်ငံတွင် နေထိုင်ရန် ဂျပန်နိုင်ငံမှ ထွက်ခွာပါက **နုတ်ထွက်ပင်စင်ပုတ်ပြတ် ပေးအပ်ငွေကို သင်ရရှိနိုင်ပါသည်။**

နိုင်ငံခြားသားဖြစ်သောသင်သည် အခြားနိုင်ငံတွင် နေထိုင်ရန် ဂျပန်နိုင်ငံမှ ထွက်ခွာသည့် အခါ အာမခံကြေးကို ၆ လ နှင့်အထက် ပေးဆောင်ထားခြင်း စသော လိုအပ်ချက်များနှင့် ကိုက်ညီပါက နုတ်ထွက်ပင်စင်ပုတ်ပြတ်ပေးအပ်ငွေကို သင်ရရှိနိုင်ပါသည်။

**မှတ်ချက် -** သင့်အနေဖြင့် နုတ်ထွက်ပင်စင်ပုတ်ပြတ်ပေးအပ်ငွေကို မလျှောက်မီ အနာဂတ် ပင်စင်အကျိုးခံစားခွင့်များရယူနိုင်ခြေကဲ့သို့ အရေးကြီးအချက်တချို့ကို ထည့်သွင်းစဉ်းစား ရန် ကျွန်ုပ်တို့မှ သင့်အားတိုက်တွန်းအပ်ပါသည်။ နုတ်ထွက်ပင်စင်ပုတ်ပြတ်အကြောင်း အသေးစိတ်ကို ဂျပန်နိုင်ငံပင်စင်ဝန်ဆောင်မှုဝဘ်ဆိုဒ်သို့ဝင်ရောက်ကြည့်ရှုပါ။

**သင်ပေးဆောင်ရမည့်** NP အာမခံကြေး **- တစ်လလျှင် ယန်း** 16,980

အကယ်၍ သင်သည် အာမခံကြေးကို ကြိုတင်ပေးပါက သို့မဟုတ် ဘဏ်အကောင့်မှ အလိုအလျောက်ငွေလွှဲ၍ ပေးပါက အာမခံကြေးပမာဏကို သက်သာစွာ ပေးဆောင်နိုင်ပါမည်။

*2024 ဘဏ္ဍာနှစ် (2024ဧပြီလမှ 2025 မတ်လအထိ) အတွက် လစဉ်ပမာဏ

NPအာမခံကြေးပေးဆောင်ရန်ငွေကြေးအခက်အခဲရှိပါက **အာမခံကြေးကင်းလွတ်ခွင့်ကို သင်လျှောက်ထားနိုင်သည်။**

အကယ်၍ သင်သည် ဝင်ငွေနည်းပါးသူ သို့မဟုတ် အလုပ်လက်မဲ့ကဲ့သို့ လိုအပ်ချက်အချို့ရှိပါက အာမခံကြေးပေးဆောင်ရန် ကင်းလွတ်ခွင့်ပြုပါသည်။ ကျောင်းသားများသည် အာမခံကြေးပေးဆောင်မှုရွှေ့ဆိုင်းရန် အထူးပေးဆောင်ခြင်းစနစ်ကို လျှောက်ထားနိုင်သည်။

## အလုပ်သမားပင်စင်အာမခံစနစ်

- သင်၏ လုပ်ငန်းခွင်နေရာသည် EPI တွင်ပါဝင်ပါက သင်သည် EPI တွင် စာရင်းသွင်းရမည်။
- သင်၏အလုပ်ရှင်သည် သင်၏ ပင်စင်လျှောက်ခြင်း အတွက် တာဝန်ယူပါသည်။ သင်၏ အာမခံကြေးပမာဏတစ်ဝက်ကို သင်၏ အလုပ်ရှင်မှ ကျခံပေးပြီး ကျန်တစ်ဝက်ကို သင်မှ ကျခံရသည်။ သင့်အလုပ်ရှင်သည် လစာထဲမှ သင်၏ အာမခံကြေးကို နုတ်ယူပြီး ၎င်း၏ ကျခံဝေစုနှင့်အတူ အစိုးရထံသို့ ပေးဆောင်ပါသည်။
- EPI သည် သက်ပြည့်ပင်စင်၊ မသန်စွမ်းပင်စင်၊ ကျန်ရစ်သူပင်စင်နှင့် နုတ်ထွက်ပင်စင်ပုတ်ပြတ် ပေးအပ်ငွေတို့ကိုလည်း ပေးပါသည်။

- အကယ်၍ သင့်တွင် ပြည်သူ့ပင်စင်စနစ်နှင့်ပတ်သက်၍ မေးမြန်းလိုပါက ကျေးဇူးပြု၍ သင်နေထိုင်သော မြို့နယ်၏အုပ်ချုပ်ရေးရုံး၊ ဂျပန်ပင်စင်ရုံးခွဲသို့ ဆက်သွယ်ပါ သို့မဟုတ် ဘာသာစကားမျိုးစုံအတွက် အခမဲ့ဘာသာပြန်ဝန်ဆောင်မှုရှိသော ဖုန်းခေါ်ဆိုမေးမြန်းနိုင်သောစင်တာဖြစ်သည့် Nenkin Dial သို့ခေါ်ဆိုပါ။
- ပြည်သူ့ပင်စင်စနစ်နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ JPS ဝဘ်ဆိုက်သို့သွားပါ။
  https://www.nenkin.go.jp/international/index.html

日本年金機構 Japan Pension Service

2404 1016 101